မြန်မာနိုင်ငံဆိုင်ရာလွတ်လပ်သောစုံစမ်းစစ်ဆေးမှုယန္တရား

# သတင်းလွှာ

အတွဲ (၁)၊ (၂၀၂၀) ခုနှစ်၊ မေလ။

**ဤစာစောင်အတွဲတွင်**

**ယန္တရား၏ အကြီးအကဲမှ အမှာစကား၊**

**ဖွဲ့စည်းမှုဆိုင်ရာ နောက်ဆုံးသတင်း၊**

**ကမ်းလင့်ဆက်သွယ်ခြင်း လုပ်ငန်းများ၊**

**မကြာခဏမေးလေ့ရှိသော မေးခွန်းများ ပါဝင်သည်။**

## ယန္တရား၏ အကြီးအကဲမှ အမှာစကား

(နောင်တွင်“ယန္တရား”ဟုခေါ်ဆိုမည့်) မြန်မာနိုင်ငံဆိုင်ရာလွတ်လပ်သောစုံစမ်းစစ်ဆေးမှုယန္တရားသည် လုပ်ငန်းစတင် လည်ပတ်လှုပ်ရှားနေလျက်ရှိပြီး၊ မိမိတို့၏ လုပ်ပိုင်ခွင့်ကို ဖြည့်စွမ်းနိုင်ရန် ကြိုးပမ်းလျက်ရှိပါသည်။ လုပ်ပိုင်ခွင့်မှာ (၂၀၁၁)ခုနှစ်မှစ၍၊ လေးနက်သော အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများနှင့် နိုင်ငံတကာဥပဒေ ချိုးဖောက်မှုများကို မြန်မာနိုင်ငံတွင်း ကျူးလွန်ခဲ့ကြောင်း သက်သေပြသော အထောက်အထားများအား စုဆောင်း၊ ပေါင်းစည်း၊ ထိန်းသိမ်း၍ စိစစ်သုံးသပ်ရန် ဖြစ်ပါသည်။ (၂၀၁၉)ခုနှစ်၊ ဇူလိုင်လ (၁)ရက်နေ့တွင် ကျွန်တော်၏ လုပ်ပိုင်ခွင့်အာဏာကို အပ်နှင်းခံခဲ့ရချိန်မှစ၍၊ အဆိုပါ ယန္တရားက အတည်ပြုထားသော ရာထူးများ၏ ထက်ဝက်ကျော်ကို ခန့်အပ်နိုင်ခဲ့ပြီး၊ ဝန်ထမ်းအသစ်များ လစဉ်လတိုင်း ထပ်တိုးရောက်ရှိနေဆဲဖြစ်သည်။ မြန်မာနိုင်ငံဆိုင်ရာ အချက်အလက်ရှာဖွေရေးမစ်ရှင် (FFM) က စုဆောင်းခဲ့သော ပစ္စည်းများကို မိမိတို့က လက်ခံရရှိခဲ့ပြီး၊ ဆက်လက်၍ အစိုးရများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပညာရှင်များ၊ အခြားကုလသမဂ္ဂအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းများနှင့် နည်းပညာဆိုင်ရာ ကျွမ်းကျင်သူများ စသည့် မိမိတို့၏ လုပ်ပိုင်ခွင့်လက်အောက်ရှိ ရာဇဝတ်မှုများအပေါ် အလင်းပြနိုင်သည့် အထောက်အထားများနှင့် အချက်အလက်များ ပိုင်ဆိုင်နိုင်သူတို့နှင့်လည်း ဆွေးနွေးမှုများကို စတင်ခဲ့ပါသည်။ အချက်အလက်ပေးပို့သူများ အပါအဝင်၊ အရေးပါသော လှုပ်ရှားသူများနှင့် ဆက်ဆံရာတွင် လိုအပ်သည့် ပူးပေါင်းဆောင်ရွက်ရေး မူဘောင်များကို ယန္တရားက ရေးဆွဲလျက်ရှိပြီး၊ ရှုပ်ထွေးသောပတ်ဝန်းကျင်တွင် တရားမျှတပြီး လွတ်လပ်သော စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရာတွင် ယန္တရားတွင်း လိုက်နာရမည့် လိုအပ်သော စည်းမျဉ်းစည်းကမ်းများကို သတ်မှတ်ကာ၊ စုံစမ်းစစ်ဆေးရေး မဟာဗျူဟာများကိုလည်း ရေးဆွဲလျက်ရှိပါသည်။ ရှုပ်ထွေးသော စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရာတွင် အထောက်အကူပြုမည့် နောက်ဆုံးပေါ် ကျွမ်းကျင်မှုနှင့် နည်းပညာများကို အသုံးပြုရန် ယန္တရားက ရည်ရွယ်ထားပါသည်။




**မြန်မာနိုင်ငံဆိုင်ရာယန္တရား၏ အကြီးအကဲဖြစ်သူ နီကိုလတ်စ်ခွန်ဂျန်သည် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံးများတွင် အနှစ် (၂၀) ကျော် လုပ်ငန်းတာဝန်ထမ်းဆောင်ခဲ့ပြီး၊ လက်တင်အမေရိကနှင့် အရှေ့ဥရောပနိုင်ငံများတွင် တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးအစီအစဉ်များ၌ အတွေ့အကြုံရှိခဲ့သည်။ အပြည်ပြည်ဆိုင်ရာတရားရုံးများတွင် အလုပ်မလုပ်ကိုင်မီက မစ္စတာခွန်ဂျန်သည် လော့စ်အန်ဂျယ်လိစ် (Los Angeles) မြို့တွင် တရားလိုရှေ့နေအဖြစ် အနှစ် (၂၀) နီးပါး လုပ်ကိုင်ခဲ့သည်။ (©ကုလ)**

ဆက်လက်၍ အထောက်အထားများကို စုဆောင်းရာတွင်၊ FFM ထံမှ လက်ခံရရှိခဲ့သော ပစ္စည်းများအပါအဝင်၊ လက်တွင်းရှိအချက်အလက်များကိုလည်း တစ်ပြိုင်နက် စိစစ်သုံးသပ်လျက်ရှိပါသည်။ ဤကဲ့သို့ စိစစ်သုံးသပ်မှုက မိမိတို့၏ လုပ်ပိုင်ခွင့်ဒုတိယပိုင်းကို ဖြည့်ဆည်းရန် မဟာဗျူဟာများ ရေးဆွဲရာတွင် အထောက်အကူပြုမည်ဖြစ်သည်။ လုပ်ပိုင်ခွင့်ဒုတိယပိုင်းမှာ "ပြစ်မှုများအတွက် လက်ရှိတွင် တရားစီရင်ခွင့်ရှိသော၊ သို့မဟုတ် အနာဂတ်တွင် တရားစီရင်ခွင့်ရှိလာနိုင်သော၊ နိုင်ငံတွင်း၊ ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာတရားရုံးများ၊ သို့မဟုတ် ခုံရုံးများတွင်၊ တရားမျှတ၍ သီးသန့်လွတ်လပ်သော ရာဇဝတ်စီရင်ချက်များကို ကူညီထောက်ပံ့၍ လွယ်ကူချောမွေ့စေရန်အတွက်၊ စုဆောင်းထားပြီးသော အချက်အလက်များကို အသုံးပြု၍ အမှုတွဲများကို ပြင်ဆင်ပေးရန်" ဖြစ်သည်။

လက်တွင်းရှိ အထောက်အထားများ၏ ကွာဟချက်များကို ဖြည့်စွက်နိုင်သော သို့မဟုတ်၊ ၎င်းတို့ကို အတည်ပြုနိုင်သော သို့မဟုတ်၊ ညင်းဆိုနိုင်သော သက်ဆိုင်သည့် အချက်အလက်များကို ယန္တရားမှ ဆက်လက်ရှာဖွေနေဆဲဖြစ်သည်။ ရာဇဝတ်မှုများဖြစ်ပေါ်ခဲ့သော နေရာဒေသများသို့ သွားရောက်နိုင်ရန်နှင့် မြန်မာပြည်တွင်းရှိ မျက်မြင်သက်သေများကို လက်လှမ်းမီနိုင်ရန် ယန္တရားက မြန်မာနိုင်ငံအစိုးရထံ မကြာခဏ အဆက်အသွယ်လုပ်ကာ ၎င်း၏ ပူးပေါင်းဆောင်ရွက်မှုရရှိရေးအတွက် ဆက်လက်ကြိုးပမ်းသွားပါမည်။

ထပ်တူအရေးပါသော၊ နစ်နာသူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် မြန်မာ့ပြည်သူလူထုတို့နှင့် အပြန်အလှန် ပြောဆိုဆွေးနွေးပွဲများကိုလည်း၊ ဒေသတွင်းနှင့် ပြင်ပတွင် ပုံမှန်ပြုလုပ်နိုင်ရန်အတွက် ယန္တရားက ကြိုးစားလျက်ရှိပါသည်။ လွတ်လပ်သော ရာဇဝတ်မှုစုံစမ်းစစ်ဆေးရေးများ၏ လျှို့ဝှက်ပေးရန် လိုအပ်ချက်အရ၊ ယန္တရားက လုပ်ဆောင်လျက်ရှိသော လုပ်ငန်းအများစုကို လူသိရှင်ကြား ဆွေးနွေးပြောကြားရန် မဖြစ်နိုင်သော်လည်း၊ မိမိတို့လုပ်ငန်း၏ ရည်ရွယ်ချက်နှင့်ဦးတည်ချက်များဆိုင်ရာ အချက်အလက်များကို မျှဝေနိုင်ရန် ကြိုးစားသွားပါမည်။ တစ်နှစ်တွင် သုံးကြိမ်ထုတ်ဝေသွားမည့် သတင်းလွှာကို ယခုလို ပထမဦးဆုံးအနေနှင့် ဖြန့်ချီလိုက်ခြင်းဖြင့် ၎င်းကတိကဝတ်ကို အတည်ပြုလိုပါသည်။

သက်ဆိုင်သူများအား ဆက်သွယ်ခြင်း၊ အထူးသဖြင့် နစ်နာသူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့သည် မိမိတို့ လုပ်ငန်း၏ အဓိကအကျဆုံးသော လုပ်ဆောင်ချက်များ ဖြစ်ပါသည်။ (၂၀၁၉)ခုနှစ်၊ နိုဝင်ဘာလတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ကော့စ်ဘဇားရှိ ရိုဟင်ဂျာဒုက္ခသည်စခန်းများသို့ ယန္တရားက ပထမဦးဆုံးသော ခရီးစဉ်အဖြစ်ရောက်ရှိခဲ့သည်။ ကျွန်တော်ကိုယ်တိုင် အခြေအနေများကို တွေ့ရှိပြီး၊ နစ်နာသူများ၊ ကိုယ်စားလှယ်များနှင့် တွေ့ဆုံကာ၊ ၎င်းတို့၏ အမြင်သဘောများကို ကြားသိလိုသောကြောင့်ဖြစ်သည်။ ကျွန်တော်တို့၏ လုပ်ပိုင်ခွင့်ကို ရှင်းပြကာ၊ ယန္တရားထံမှ မျှော်လင့်နိုင်သော အကြောင်းအရာများကို ရှင်းလင်းပြောကြားနိုင်ရန် ဖြစ်သည်။ မြန်မာနိုင်ငံ၏ အခြားဒေသများမှ အရပ်ဘက် လူမှုအဖွဲ့အစည်း ကိုယ်စားလှယ်များနှင့်လည်း တွေ့ဆုံခဲ့ပြီး၊ ထိုကဲ့သို့ ဆက်လက် လုပ်ဆောင်သွားပါမည်။ ၎င်းတို့၏ စိုးရိမ်ပူပန်မှုများကို နားလည်သဘောပေါက်ကာ၊ လိုအပ်သလို တုန့်ပြန်လိုပါသည်။ ယန္တရားသည် မိမိတို့နှင့် ဆက်သွယ်သူများအားလုံး၏ လုံခြုံမှုကို အမြဲတမ်းထိပ်သီး ဦးစားပေးသွားမည်။

ကော့စ်ဘဇားရှိ ဆွေးနွေးမှုများတွင် အဓိကကျကျ ဖော်ပြခဲ့သော အချက်တစ်ချက်မှာ ယန္တရား၏ လုပ်ပိုင်ခွင့်၌ မည်သည့်လူမျိုးစုပင်ဖြစ်စေ၊ အုပ်စုတစ်စုတည်းအပေါ် ကျူးလွန်ခဲ့သည်ဆိုသော ရာဇဝတ်မှုများအတွက်သာ ကန့်သတ်ထားခြင်း မရှိကြောင်းဖြစ်သည်။ ထို့အစား၊ (၂၀၁၁) ခုနှစ်မှစ၍ မြန်မာနိုင်ငံတွင်း မည်သည့်ဒေသ၌မဆို ကျူးလွန်ခဲ့သော ဆိုးဆိုးရွားရွား အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများနှင့် နိုင်ငံတကာ ဥပဒေချိုးဖောက်မှုများအားလုံးအတွက် အကြုံးဝင်ပါသည်။ ကျူးလွန်သူများနှင့် နစ်နာခံရသူတို့က မည်သည့် မျိုးနွယ်စု၊ လူမျိုး၊ ဘာသာဝင်၊ သို့မဟုတ်၊ နိုင်ငံသားများဖြစ်စေ ဤကဲ့သို့ သက်ဆိုင်ပါသည်။

မကြာသေးမီက အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုတရားရုံး (ICC)၊ အပြည်ပြည်ဆိုင်ရာ တရားရုံး (ICJ)နှင့်အာဂျင်တီးနား နိုင်ငံတို့တွင် ပေါ်ပေါက်ခဲ့သော မြန်မာနိုင်ငံဆိုင်ရာ တရားဥပဒေ လှုပ်ရှားမှုများက မြန်မာနိုင်ငံ၌ ကျူးလွန်ခဲ့သော ရာဇဝတ်မှုများ အတွက် တာဝန်ခံမှုရှိစေရန် အရေးကြီးကြောင်းနှင့် ထိုကဲ့သို့ တရားစီရင်မှုများနှင့် ယန္တရားတို့ အပြန်အလှန်ဖြည့်စွက်နိုင်မှု ရှိကြောင်းကို မီးမောင်းထိုးပြ လိုက်ပါသည်။ (၂၀၁၈)ခုနှစ်၊ စက်တင်ဘာလ (၂၇)ရက်နေ့က လူ့အခွင့်အရေးကောင်စီ ဆုံးဖြတ်ချက် (၃၉/၂)တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ယန္တရား၏လုပ်ပိုင်ခွင့်မှာ နိုင်ငံတွင်း၊ ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာတရားရုံးများတွင် လူပုဂ္ဂိုလ်များကို တရားစွဲဆိုသော၊ အပြည်ပြည်ဆိုင်ရာစံချိန်များနှင့် ပြည့်ဝသည့် တရားစီရင်မှုများအတွက် အထောက်အထားများနှင့် အမှုတွဲများကို မျှဝေပေးရန်ဖြစ်သည်။ ရာဇဝတ်မှုဆိုင်ရာ တရားစီရင်မှုများ စတင်ရန် နှစ်ပေါင်းများစွာ ကြာရှည်တတ်သော အတိတ်က အတွေ့အကြုံများအရ၊ လေးနက်သော အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများ၏ သက်သေခံအထောက်အထားများကို ထိန်းသိမ်းထားရန် အရေးကြီးကြောင်းကိုလည်း ထိုလူ့အခွင့်အရေးကောင်စီဆုံးဖြတ်ချက်က အသိအမှတ်ပြုထားပါသည်။ ဤသည် ယန္တရား၏ လုပ်ပိုင်ခွင့်အတွက် အရေးကြီးသော ကဏ္ဍတစ်ခုဖြစ်သည်။ ကျွန်ုပ်တို့၏ သက်သေခံအထောက်အထားများနှင့် အမှုတွဲများကို နောင်နှစ်ပေါင်းများစွာကြာသည်အထိ ဆက်လက်အသုံးပြုနိုင်မည်ဖြစ်သည်။ ဤသို့ဖြင့် ပြစ်မှုကျူးလွန်သူများကို တာဝန်ခံမှုရှိစေရန်နှင့် နစ်နာသူများတရားမျှတမှုရစေရန်အတွက် အခွင့်အလမ်းများ တိုးပွားလာစေပါသည်။ ပြစ်မှုကျူးလွန်သူများကို တရားမျှတမှုလက်အောက်သို့ ခေါ်ဆောင်နိုင်မည့် အခွင့်အရေးတစ်ခု၊ ကမ္ဘာအနှံ့ မည်သည့်နေရာ၌မဆို ပေါ်ပေါက်လာပါက ကျွန်ုပ်တို့၏ သက်သေအထောက်အထားများ အဆင်သင့်ဖြစ်နေစေရန်အတွက် အစွမ်းကုန်ကြိုးပမ်းသွားပါမည်။

ဤသတင်းလွှာကို ထုတ်ဝေသည့်အချိန်တွင် တစ်ကမ္ဘာလုံး၌ COVID-19 ကမ္ဘာ့အနှံ့ ကူးစက်ရောဂါ ဖြစ်ပွားလျက်ရှိသည်။ COVID-19 ပြန့်ပွားမှုကိုရပ်တန့်ရန်နှင့် ခုခံအားနည်းသော လူမှုအသိုင်းအဝိုင်းများကို ကာကွယ်ရန်၊ ကမ္ဘာအနှံ့သွားလာလုပ်ရှားမှုနှင့် ခရီးသွားလာမှုတို့ အပေါ် သိသိသာသာ ကန့်သတ်ချက်များ ဖြစ်ပေါ်လာသည်။ ၎င်းသည် ယန္တရားအတွက် ထိခိုက်မှုရှိသည်။ ကျွန်ုပ်တို့၏ နေအိမ်များမှ အလုပ်လုပ်နေရပြီး၊ ခရီးသွားလာခြင်းများကို အလျှော့ချခံရခဲ့သည်။ သို့သော် ယန္တရား၏ဝန်ထမ်းများက အဝေးမှနေပြီး ဆက်လက် ကြိုးကြိုးစားစား ကျွန်ုပ်တို့၏လုပ်ပိုင်ခွင့်ကို တိုးမြှင့်နိုင်ရန် လိုအပ်သည့်လုပ်ငန်းများအားလုံးကို လုပ်ဆောင်နေကြသည်။ (၂၀၁၁)ခုနှစ်မှစ၍၊ မြန်မာနိုင်ငံတွင် ကျူးလွန်ခဲ့သော အဆိုးရွားဆုံးအပြည်ပြည်ဆိုင်ရာရာဇဝတ်မှုများနှင့် နိုင်ငံတကာဥပဒေချိုးဖောက်မှုများ၏ အထောက်အထားများအား ယန္တရားက ဆက်လက် စုဆောင်း၊ ပေါင်းစည်း၊ ထိန်းသိမ်း၊ စိစစ်သုံးသပ်လျက်ရှိကြောင်း သက်ဆိုင်သူများအားလုံးကို အသေအချာ ပြောဆိုလိုပါသည်။ ယန္တရားသည် ဆက်လက်၍ သက်ဆိုင်သူများအားလုံးနှင့်လည်း နည်းမျိုးစုံဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ကျွန်ုပ်တို့၏ရုံးခန်းများသို့ပြန်ရန် လုံခြုံစိတ်ချရသည့်အချိန်တွင် ချက်ချင်း အလုပ်ပြန်တက်ရန် အဆင်သင့်ရှိပါသည်။ ဤအချိန်အတောအတွင်း၊ လူတိုင်း လုံခြုံကျန်းမာစွာနေထိုင်နိုင်ပါစေဟု မျှော်လင့်ပါသည်။

နစ်နာသူများ၊ အရပ်ဘက်လူမှုအဖွဲ့ အစည်းများနှင့် တခြားအဓိကကျသော ပါဝင်လုပ်ရှားသူများနှင့် ကမ်းလင့်ဆက်သွယ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း စသည်တို့သည် မိမိတို့လုပ်ငန်း၏ အဓိကအကျဆုံးသော လုပ်ဆောင်ချက်များ ဖြစ်ပေသည်။

# ဖွဲ့စည်းမှုဆိုင်ရာ နောက်ဆုံးသတင်း



ခါအိုရှု အိုကူအိဇူမိသည်လက်ဘနွန်၊ ဆီယာရာလီယွန်နှင့် ယခင်ယူဂိုဆလားဗီးယားတို့အပါအဝင် အပြည်ပြည်ဆိုင်ရာနှင့် ပေါင်းစပ် ပြစ်မှုဆိုင်ရာခုံရုံး အတော်များများတွင် အလုပ်လုပ်ကိုင်ခဲ့သည်။ သူမသည် ဘော့စနီးယားနှင့်ဟာဇီဂိုဗီးနားနိုင်ငံ၊ ခရိုအေးရှားနိုင်ငံ၊ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ကိုဆိုဗို၊ နီပေါနှင့် ကုလဌာနချုပ်တို့ရှိ ကုလသမဂ္ဂမစ်ရှင်နှင့် ဒေသခံရုံးများတွင် ရာဇဝတ်မှုဆိုင်ရာ တရားမျှတမှုကိစ္စရပ်များအတွက်လည်း တာဝန်ထမ်းဆောင်ခဲ့သည်။

လူ့အခွင့်အရေးကောင်စီဆုံးဖြတ်ချက် (၃၉/၂) အရ၊ မြန်မာနိုင်ငံဆိုင်ရာ ယန္တရားကို တည်ထောင်ပြီးနောက်၊ ယန္တရား၏အကြီးအကဲဖြစ်သူ နီကိုလတ်စ်ခွန်ဂျန် (အမေရိကန်)က (၂၀၁၉)ခုနှစ်၊ ဇူလိုင်လ (၁)ရက်နေ့တွင် ၎င်း၏ လုပ်ငန်းများကို တရားဝင်စတင်ခဲ့သည်။ ယင်းနောက် ယန္တရား၏ ဒုတိယအကြီးအကဲဖြစ်သူ ခါအိုရှု အိုကူအိဇူမိ(ဂျပန်)သည် (၂၀၁၉)ခုနှစ်၊ နိုဝင်ဘာလ (၁၅)ရက်နေ့တွင် သူမ၏ တာဝန် တရားဝင်စတင်ခဲ့သည်။

(၂၀၁၉)ခုနှစ်၊ စက်တင်ဘာလ (၉)ရက်နေ့တွင် အကြီးအကဲက ယန္တရား၏ ပထမဦးဆုံး နှစ်ပတ်လည် အစီရင်ခံစာကို လူ့အခွင့်အရေးကောင်စီသို့ ၎င်း၏ (၄၂)ကြိမ်မြောက် အစည်းအဝေးပွဲတွင် တင်ပြခဲ့သည်။ အဆိုပါအစီရင်ခံစာတွင် ယန္တရား၏ လုပ်ငန်းလည်ပတ်မှု ပထမအဆင့်ရှိ မဟာဗျူဟာနှင့် အဓိကစိန်ခေါ်မှုများကို ဖော်ပြခဲ့သည်။ မိမိတို့၏ လုပ်ပိုင်ခွင့်အရ လိုအပ်သလို၊ ယန္တရားသည် လူ့အခွင့်အရေးကောင်စီသို့ နှစ်စဉ်အစီရင်ခံစာများ ဆက်လက်ပေးပို့ သွားမည်ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုဥပဒေ၊ လူ့အခွင့်အရေးဥပဒေ၊ လူသားချင်းစာနာထောက်ထားမှုဥပဒေ၊ ရာဇဝတ်မှုစုံစမ်းစစ်ဆေးရေးနှင့် တရားစွဲဆိုမှုဆိုင်ရာ ကျွမ်းကျင်သူများကို ယန္တရားမှ ရာထူးခန့်အပ်ထားပြီးဖြစ်သည်။

ယန္တရားရှိ ရှေ့နေများစွာသည် ယခင်ယူဂိုဆလားဗီးယားအတွက် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး၊ ရဝမ်ဒါအတွက် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး၊ လက်ဘနွန်အတွက် အထူးခုံရုံး၊ ကိုဆိုဗိုအတွက် အထူးတရားရုံး၊ အရှေ့တီမောရှိ လေးနက်သော ရာဇဝတ်မှုများအဖွဲ့၊ ဘော့စနီးယားနှင့်ဟာဇီဂိုဗီးနားနိုင်ငံ ပြည်တွင်းတရားရုံး၏ စစ်ရာဇဝတ်မှုများအပိုင်း၊ ဆီယာရာလီယွန်အတွက် အထူးတရားရုံး၊ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုတရားရုံး (ICC)နှင့် ကမ္ဘောဒီးယားနိုင်ငံ တရားရုံးများ၏ အထူးခုံရုံးများ (ECCC) စသည်တို့တွင် နှစ်ပေါင်းများစွာ အလုပ်အတွေ့အကြုံ ရှိကြသူများဖြစ်သည်။ လိင်ပိုင်းဆိုင်ရာ၊ ကျားမအခြေပြုရာဇဝတ်မှုများနှင့် ကလေးများအပေါ် ကျူးလွန်သော ရာဇဝတ်မှုများဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ စစ်ဘက်ဆိုင်ရာ ခွဲခြမ်းစိတ်ဖြာတတ်သူများ၊ နည်းပညာကျွမ်းကျင်သူများနှင့် အင်တာနက် လုံခြုံမှုဆိုင်ရာ ကျွမ်းကျင်သူများစသည်တို့ကိုလည်း ယန္တရားတွင် ခန့်အပ်ထားပြီး ဖြစ်သည်။ ဝန်ထမ်းများသည် ဂျနီဗာမြို့တွင် အခြေဆိုက်ကြပြီး၊ မျက်မြင်သက်သေများနှင့် အချက်အလက်များကို ပိုမို အလွယ်တကူ လက်လှမ်းမီနိုင်ရန်အတွက် အာရှဒေသတွင် ပုံမှန်ရှိနေနိုင်ဖို့ ယန္တရားက စီစဉ်လျက်ရှိသည်။



လုပ်ပိုင်ခွင့်ကဏ္ဍအားလုံးအပေါ် သက်ရောက်သည့် စည်းမျဉ်းစည်းကမ်းများကို ယန္တရားက စတင်ရေးဆွဲ သတ်မှတ်လျက်ရှိသည်။ မိမိတို့၏ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန် သတ်မှတ်ချက်များအရ၊ ၎င်းစည်းမျဉ်းစည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းများသည် အမြင့်မားဆုံးသော စံချိန်များအပေါ်တွင် မူတည်ကာ၊

ကုလသမဂ္ဂအမိန့်စာတမ်း၊ ကုလသမဂ္ဂ၏ စည်းမျဉ်းစည်းကမ်းများ၊ မူဝါဒများနှင့်  အလေ့အကျင့်ကောင်းများ၊ သက်ဆိုင်သော အပြည်ပြည်ဆိုင်ရာဥပဒေနှင့် စံချိန်စံညွှန်းများစသည်တို့နှင့် ညီညွတ်ပါမည်။ တန်ဖိုးရှိသော အချက်အလက်များအတွက် ယန္တရားက ပေးပို့နိုင်သူများကိုလည်း ကမ်းလင့်ဆက်သွယ်ခြင်းဖြင့်၊ အချက်အလက်များကို စဉ်ဆက်မပြတ် လက်ခံရရှိနေပါသည်။

လျှို့ဝှက်အချက်အလက်များ၏ သမာဓိနှင့် လုံခြုံမှုကို သေချာအလေးထား၍၊ အထောက်အထားများကို ထိန်းသိမ်းရန်နှင့် စိစစ်သုံးသပ်ရန်၊ ခေတ်မီရှေ့ပြေးအချက်အလက်နည်းပညာစနစ်များကို တည်ထောင်နိုင်ရေးနှင့် အသုံးပြုနိုင်ရေးတို့အတွက် ကျွန်ုပ်တို့က အထူးအရေးပေးဆောင်ရွက်လျက်ရှိသည်။ (၂၀၁၉)ခုနှစ်၊ စက်တင်ဘာလက FFMထံမှ လက်ခံရရှိခဲ့သော ပစ္စည်းများကို လုံခြုံစွာ ထိန်းသိမ်းထားနိုင်ရေးအတွက် ကနဦးအီလက်ထရောနစ်အခြေခံအဆောက်အအုံကိုလည်း ယန္တရားက တည်ထောင်ခဲ့သည်။ ထို့နောက် FFMထံမှ လက်ခံရရှိခဲ့သည့် များပြားလှသော အချက်အလက်အတွဲဆက်များကို ယန္တရားက စတင်ပြန်လည်သုံးသပ်ပြီး ခွဲခြမ်းစိတ်ဖြာလျက်ရှိသည်။ လေးနက်သော အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများနှင့်  အပြည်ပြည်ဆိုင်ရာဥပဒေချိုးဖောက်မှုများအတွက် လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ ရာဇဝတ်မှုတာဝန်ဝတ္တရားကို ဆုံးဖြတ်နိုင်မည့်၊ တရားစီရင်ခွင့်ရှိသော နိုင်ငံတွင်း၊ ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာတရားရုံးများ၊ သို့မဟုတ် ခုံရုံးများနှင့် ဝေမျှနိုင်မည့် အချက်အလက်ပစ္စည်းများကို သတ်မှတ်ဖော်ထုတ်နိုင်ရန် ဖြစ်သည်။

အချက်အလက်များကို ယန္တရားနှင့် မျှဝေနိုင်ရန်အတွက်၊ ပူးပေါင်းဆောင်ရွက်ရေးမူဘောင်များနှင့် ရေးဆွဲနိုင်ရန်၊ အမျိုးမျိုးသော အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေးခြင်းများကို စတင်ခဲ့သည်။ ဤကြိုးပမ်းမှုများ၏ တစ်စိတ်တစ်ပိုင်းအနေဖြင့်၊ သက်ဆိုင်ရာ နိုင်ငံတွင်းအာဏာပိုင်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် တွေ့ဆုံပြီး၊ ယန္တရား၏ လုပ်ပိုင်ခွင့်ကို မိတ်ဆက်ပြောကြားရန်၊ ပူးပေါင်းဆောင်ရွက်ရေးအလားအလာရှိသော နယ်ပယ်များကို ဖော်ထုတ်ရန်နှင့် မိမိတို့၏ လုပ်ငန်းလည်ပတ်မှုဆိုင်ရာအထောက်အပံ့များရယူရန် ယန္တရားအကြီးအကဲဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် (၂၀၁၉)ခုနှစ်၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလများတွင် အာရှဒေသသို့ သွားရောက်ခဲ့သည်။

တရားစီရင်မှုဆိုင်ရာ အဖွဲ့အစည်းတစ်ခု၏ တောင်းဆိုချက်အရ၊ FFMထံမှ လက်ခံရရှိခဲ့သော အချက်အလက်နှင့် စာရွက်စာတမ်းများကိုလည်း ယန္တရားက မျှဝေခဲ့သည်။ ထိုကိစ္စကို ယန္တရား၏လုပ်ပိုင်ခွင့်၊ လုပ်ငန်းတာဝန်သတ်မှတ်ချက်များနှင့် FFMသို့ အချက်အလက်များပေးပို့ခဲ့သူများ၏ သဘောတူညီချက်နှင့်အညီ ဆောင်ရွက်ခဲ့သည်။

နောက်ဆုံးအနေနှင့်၊ ယန္တရားသည် ကုလသမဂ္ဂက အကဲဖြတ်သည့်ဘတ်ဂျက်၏ တစ်စိတ်တစ်ပိုင်းဖြစ်သော၊ (၂၀၂၁)ခုနှစ်အတွက် မိမိတို့၏ ဘတ်ဂျက်ကို အထွေထွေညီလာခံမှ အတည်ပြုနိုင်ရန် သတ်မှတ်ရေးဆွဲခဲ့သည်။ ၎င်းသည် မိမိတို့၏လုပ်ပိုင်ခွင့်ကို အကောင်အထည်ဖော်ရာတွင် ယန္တရား၏ခေါင်းဆောင်ပိုင်းက မျှော်မှန်းထားသော အတွေးအမြင်၊ မဟာဗျူဟာတို့နှင့် အကိုက်ညီဆုံးဖြစ်အောင်၊ အရင်းအမြစ်များကို မည်ကဲ့သို့ ခွဲဝေချမှတ်ပေးရန်လိုသည်ကို ပထမဦးဆုံးအနေနှင့် အဆိုပြုခွင့်ရသော အခွင့်အလမ်းပင်ဖြစ်သည်။

# ကမ်းလင့်ဆက်သွယ်ခြင်းလုပ်ငန်းများ

(၂၀၁၉)ခုနှစ်၊ ဩဂုတ်လတွင် မြန်မာ့ယန္တရားလုပ်ငန်းစတင်လည်ပတ်လာစဉ်က အစောဆုံးချမှတ်ခဲ့သော ဆုံးဖြတ်ချက်တစ်ခုမှာ ကြားဖြတ်ကမ်းလင့်ဆက်သွယ်ခြင်းလုပ်ငန်းများဆောင်ရွက်ရန်နှင့် ဆက်သွယ်ရေးနည်းဗျူဟာတစ်ခုကို ရေးဆွဲရန်ဖြစ်သည်။ အများပြည်သူနှင့်ဆက်ဆံရေး၊ ကမ်းလင့်ဆက်သွယ်ရေးတို့အတွက် တာဝန်ရှိမည့် ဆက်သွယ်ရေးဝန်ထမ်းများအား ခန့်အပ်ရန် စောင့်ဆိုင်းနေစဉ်ကာလအတွင်း၊ ထိုသို့သော စီမံကိန်းတစ်ခုကို ရေးဆွဲရန်နှင့် လုပ်ဆောင်နိုင်စွမ်း အပြည့်အဝမရှိသေးသည့် ကွာဟချက်ကို ဖြည့်ဆည်းပေးရန် ကျွမ်းကျင်ပညာရှင်တစ်ဦးကို ခန့်အပ်ခဲ့သည်။ ကြားဖြတ်ကမ်းလင့်ဆက်သွယ်ရေးနည်းဗျူဟာတွင် နစ်နာသူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အစကတည်းက ထိထိရောက်ရောက် ပူးပေါင်းဆက်ဆံရန် မျှော်မှန်းထားသည်။

မိမိတို့၏ ပထမဦးဆုံးသော ဒေသတွင်းခရီးစဉ်အရ မြန်မာ့ယန္တရားက ကော့စ်ဘဇားသို့ သွားရောက်ခဲ့ပြီး၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နစ်နာသူများ၊ ကိုယ်စားလှယ်များနှင့် တွေ့ဆုံခဲ့သည်။ ထိုတွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ယန္တရား၏လုပ်ပိုင်ခွင့်နှင့် ပတ်သက်သည့် အခြေခံအချက်အလက်များကို ပြောကြားရန်နှင့် ရိုဟင်ဂျာဒုက္ခသည်ကိုယ်စားလှယ်များ၏ အမြင်နှင့် ယန္တရားထံမှ ၎င်းတို့၏ မျှော်မှန်းချက်တို့ကို ကြားနာရန်ဖြစ်သည်။

တစ်ချိန်တည်းတွင်၊ ယန္တရားက တခြားတိုင်းရင်းသားအုပ်စုများနှင့် လုပ်ကိုင်ဆောင်ရွက်နေသော အရပ်ဘက်လူမှုအဖွဲ့အစည်းအတော်များများနှင့် စတင်ဆက်သွယ်ကာ တွေ့ဆုံခဲ့သည်။ မြန်မာနိုင်ငံ၏ အချက်အချာကျသောနေရာများနှင့် အခြားဒေသများရှိ အသိုင်းအဝိုင်းများက ယန္တရား၏ ထူးခြားသော အခန်းကဏ္ဍနှင့် လုပ်ပိုင်ခွင့်တို့ကို သေချာစွာနားလည်စေရန်အတွက် ဆက်သွယ်ရေးအားထုတ်မှုများ တစ်ခုပြီးတစ်ခုပြုလုပ်ရန် လိုအပ်ကြောင်း ထိုတွေ့ဆုံပွဲများမှတဆင့် သိရှိခဲ့သည်။

ဤကနဦးကြိုးပမ်းမှုများကို အခြေခံ၍၊ ယန္တရားသည် မြန်မာ့အသိုင်းအဝိုင်းအမျိုးမျိုးနှင့် ထိတွေ့ဆက်ဆံရန် ပြည့်ပြည့်စုံစုံ စီမံကိန်းတစ်ခုကို စတင်ရေးဆွဲခဲ့သည်။ ၎င်းတွင် သီးသန့်သတ်မှတ်ထားသော ပူးပေါင်းဆက်ဆံမှုဖိုရမ်၊ ဘာသာစကားပေါင်းစုံဖြင့် ဖော်ပြထားသော ဝက်ဆိုက်၊ ဆိုရှယ်မီဒီယာစာမျက်နှာများ၊ မြန်မာ့ယန္တရားနှင့် သက်ဆိုင်သော အချက်အလက်များကို ဖြန့်ဝေပေးမည့် အခြားအချက်အလက်ကိရိယာများနှင့် နည်းပညာဆိုင်ရာပစ္စည်းများ စသည်တို့ ပါဝင်ပါသည်။

(၂၀၂၀) ပြည့်နှစ်၊ ပထမသုံးလပတ်ကာလအတွင်း၊ ယန္တရားက မြန်မာနိုင်ငံအရပ်ဘက်လူမှုအဖွဲ့အစည်းများမှ လူ့ပ်ရှားသူများကို ဦးတည်၍



စာရင်းကောက်ယူခဲ့သည်။ ထိုသို့စာရင်းကောက်ယူမှု၏ ရည်ရွယ်ချက်နှစ်ရပ်မှာ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံရှိ အများပြည်သူလူထုနှင့် ၎င်း၏ ပြည်ပရောက် အသိုင်းအဝိုင်းများကြားတွင် ယန္တရားကို မည်ကဲ့သို့ နားလည်သဘောပေါက်ထားသည်ကို သိရှိနိုင်ရန်နှင့် ဖြေကြားသူများအား မေးခွန်းများမေးရန် အခွင့်အလမ်းပေးကာ၊ ၎င်းတို့၏ တုံ့ပြန်ချက်များကို ရယူရန်ဖြစ်သည်။ ထိုတုံ့ပြန်ချက်များအပေါ်အခြေခံကာ ယန္တရား၏ ကမ်းလင့်ဆက်သွယ်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် မဟာဗျူဟာများကို ရေးဆွဲသွားပါမည်။

ကျားမအချိုးအစားအညီ၊ မတူကွဲပြား တိုင်းရင်းသားအုပ်စုစုံကို ထင်ဟပ်စေသော အဖွဲ့အစည်းများနှင့် အသိုင်းအဝိုင်းများကို ကိုယ်စားလှယ်ပြုသည့် လူပုဂ္ဂိုလ် (၃၁)ဦးကို ပထမအကြိမ် စာရင်းကောက်ယူချက်အတွက် ရွေးချယ်ခဲ့သည်။ လူ့အခွင့်အရေးကောင်စီမှ တည်ထောင်ထားသော အဖွဲ့အစည်းများနှင့် ယခင်က ဆက်ဆံလေ့ရှိခဲ့သည့်အတွက် ၎င်းတို့ကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ဤစာရင်းကောက်ယူချက်၏ အဓိကတွေ့ရှိချက်များအရ၊ တခြားအပြည်ပြည်ဆိုင်ရာ တရားစီရင်ရေး လုပ်ငန်းစဉ်များက မြန်မာ့ပြည်တွင်း ပရိတ်သတ်၏ အာရုံစိုက်မှုကို ဆွဲဆောင်လျက်ရှိသော်လည်း၊ ယန္တရားအကြောင်းကိုမူ မြန်မာ့အသိုင်းအဝိုင်းမျိုးစုံက ပိုမိုသိရှိရန်လိုအပ်ကြောင်း ထင်ထင်ရှားရှား တွေ့ရှိရသည်။ အရပ်ဘက်လူ့အဖွဲ့အစည်းမှ ကိုယ်စားလှယ်များ၊ ယန္တရားအကြောင်းကို အသိဆုံးဖြစ်သူတို့ကပင်၊ ယန္တရား၏ လုပ်ငန်းစဉ်များ၊ လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်သည့် အချက်အလက်ပိုမိုရရှိရန်၊ ယန္တရား၏ လုပ်ပိုင်ခွင့်တွင် ပထဝီအနေအထားအရ အကျုံးဝင်သောဒေသများနှင့် ဖြစ်စဉ်များ၏ခုနှစ်ပိုင်းတို့ကို မည်သည့်သဘောကြောင့် လက်ရှိလိုသတ်မှတ်ခဲ့သည်တို့ကို ရှင်းလင်းပေးရန် လိုအပ်ကြောင်း ပြောကြားခဲ့ကြသည်။ စာရင်းကောက်ယူချက်၏ အဓိကတွေ့ရှိချက်တစ်ခုမှာ လူမှုမီဒီယာနှင့် မြန်မာ့ဒေသခံဘာသာစကား မျိုးစုံဖြင့် အပါအဝင်၊ ပြည်သူလူထုထံ တိုက်ရိုက်ဆက်သွယ်ခြင်းသည် ယန္တရားအတွက် အကျိုးပေးနိုင်ကြောင်းပင်ဖြစ်သည်။ စာရင်းကောက်ယူချက်ကို ဖြေဆိုသူများက ယန္တရား၏လုပ်ပိုင်ခွင့်ကို ကျယ်ကျယ်ပြန့်ပြန့် သဘောအရ ထောက်ခံကြပြီး၊ အာရှဒေသရှိ နစ်နာသူများ၊ ၎င်းအုပ်စုများ စသည်တို့နှင့် ယန္တရားက အနီးစပ်ပူးပေါင်းဆောင်ရွက်နိုင်ရန် မျှော်လင့်ကြောင်း ပြောကြားကြသည်။

(၂၀၁၉)ခုနှစ်၊ ဒီဇင်ဘာလတွင် မြန်မာ့ယန္တရားသည် အပြည်ပြည်ဆိုင်ရာရာဇဝတ်မှုတရားရုံး (ICC)၏ အဖွဲ့ဝင်နိုင်ငံများဆိုင်ရာ အထွေထွေ ညီလာခံ၌ ကြားဖြတ်ကဏ္ဍတစ်ရပ်ကို ဆီးရီးယားအတွက်အပြည်ပြည်ဆိုင်ရာလွတ်လပ်ပြီးဘက်မလိုက်သောယန္တရားနှင့်အတူ ပူးတွဲစီစဉ်ခဲ့သည်။ ထိုကဏ္ဍသည် နစ်နာသူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် ယန္တရားနှစ်ရပ်လုံးက မည်သို့သော ချဉ်းကပ်နည်းလမ်းများအသုံးပြုမည်ကို အာရုံစိုက်ခဲ့သည်။ နစ်နာသူများ၏ ရှုထောင့်များနှင့် မြန်မာ့ယန္တရားအပါ၊ တရားမျှတရေးအတွက် အားထုတ်မှုမျိုးစုံမှ ၎င်းတို့၏ မျှော်လင့်ချက်များ အပါအဝင်၊ သက်ဆိုင်သော ကိစ္စအတော်များများကို ဆွေးနွေးခဲ့ကြသည်။ ၎င်းကဏ္ဍသည် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နစ်နာသူအုပ်စုများနှင့် ထိရောက်သော အပြန်အလှန်အဆက်အသွယ်ကို တည်ထောင်ရန် ယန္တရားက စောစောစီးစီးကတည်းက ကတိကဝတ်ပြုထားကြောင်းကို မီးမောင်းထိုးပြနိုင်သည့် အခွင့်အလမ်းတစ်ရပ်ဖြစ်သည်။

အခြေခံစာရွက်စာတမ်းများနှင့် မြန်မာဘာသာ၊ ဂျိန်းဖောဘာသာ၊ ရိုဟင်ဂျာဘာသာနှင့် အင်္ဂလိပ်ဘာသာတို့ဖြင့် ရေးသားဖော်ပြထားသော အချက်အလက်စာစောင် အပါအဝင်၊ မြန်မာ့ယန္တရားနှင့် ပတ်သက်၍ ပိုမိုသိရှိလိုပါက ဤလင့်ကို ဆက်လက်ကြည့်ရှုပါ။

"မျက်မြင်သက်သေတွေရဲ့ လုံခြုံရေးနဲ့ ကိုယ်ရေးအချက်အလက်တွေကို လေးစားနိုင်ဖို့ ယန္တရားက အထူးဦးစားပေးပြီး ဆောင်ရွက်သွားပါမယ်။ တိုင်းရင်းသားအဖွဲ့အစည်းအားလုံးက ထိခိုက်နစ်နာခံခဲ့ရသူတွေဟာ မြန်မာ့ယန္တရားရဲ့ အဓိကပါဝင်လှုပ်ရှားသူတွေပါပဲ။ နောင်လာမယ့် ခရီးစဉ်ပေါင်း များစွာမှာ သူတို့တွေနဲ့ထပ်ပြီး တိုက်ရိုက် တွေ့ဆုံဆက်ဆံသွားမှာပါ။ ကျွန်တော်တို့ရဲ့ အဓိကရည်မှန်းချက်က ယန္တရားရဲ့ ထူးခြားတဲ့လုပ်ပိုင်ခွင့်ကို ရှင်းပြဖို့ပါ။ ယန္တရားက တရားရုံးမဟုတ်တဲ့အတွက် ကိုယ်တိုင် ဘယ်သူ့ကိုမှ ဖမ်းဆီး၊ တရားစွဲဆို၊ အပြစ်ပေးတာတို့ မလုပ်နိုင်ပေမဲ့၊ (၂၀၁၁)ကစပြီး၊ မြန်မာနိုင်ငံမှာ ကျူးလွန်ခဲ့ကြတဲ့ ရာဇဝတ်မှုတွေနဲ့ အပြည်ပြည်ဆိုင်ရာဥပဒေချိုးဖောက်မှုတွေရဲ့ အထောက်အထားတွေကို စုဆောင်း၊ သုံးသပ်၊ ထိန်းသိမ်းထားကာ၊ တာဝန်ခံမှုရှိရေးကို တိုးမြှင့်ပေးဖို့ မိမိတို့ရဲ့ လုပ်ပိုင်ခွင့်ကို ထမ်းဆောင်သွားမှာပါ။"

**နီကိုလတ်စ်ခွန်ဂျန်က ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ကနဦးတရားဝင်ခရီးစဉ်အပြီး ပြောကြားချက်။ ။**

**ယန္တရား၏ လုပ်ငန်းစဉ်များတွင် နစ်နာခံရပြီး အသက်ရှင်ကျန်ရစ်သူများက မည်သို့သော ကဏ္ဍနှင့် ပါဝင်နိုင်သလဲ။**

ယန္တရား၏ လုပ်ပိုင်ခွင့်လက်အောက်ရှိ ရာဇဝတ်မှုများကို ခံစားခဲ့ရသော၊ မျက်မြင်တွေ့ခဲ့ရသော အသက်ရှင်ကျန်ရစ်သူများသည် အဓိကကျသော အထောက်အထားရင်းမြစ်များဖြစ်ကြသည်။ ၎င်းတို့မှာ နိုင်ငံတွင်း၊ ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာတရားရုံးများတွင် ပြစ်မှုကျူးလွန်သူများကို တာဝန်ခံမှုရှိစေမည့် အောင်မြင်သော ရာဇဝတ်အမှုတွဲများကို ရေးဆွဲနိုင်ရန် မရှိမဖြစ်လိုအပ်သူများ ဖြစ်ကြသည်။

လေးနက်သော အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုစုံစမ်းစစ်ဆေးမှုအားလုံး၏ သဘာဝနှင့်အညီ၊ အသက်ရှင်ကျန်ရစ်သူများ၏ ထုတ်ဖော်ပြောကြားချက်သည် ပိုမိုကျယ်ပြန့်သော ဓလေ့ထုံးစံ သို့မဟုတ် မူဝါဒတို့အရ ကျူးလွန်ခဲ့သောအမှုတို့အပါအဝင်၊ ရာဇဝတ်မှုများအား ကျူးလွန်ခဲ့ကြောင်းကို အတည်ပြုနိုင်သည်။

ဤသို့သော ထုတ်ဖော်ပြောကြားချက်များကို ပေးမည်ဟု သဘောတူမည့် အသက်ရှင်ကျန်ရစ်သူများကို ရှာဖွေဖော်ထုတ်ပြီး၊ ဆက်သွယ်နိုင်ရန် အချက်အလက်အကြောင်းအရာများကို ယန္တရားက စုဆောင်းသွားပါမည်။

နစ်နာခံရသူများကလည်း မိမိတို့တွင် အရေးကြီးသော အထောက်အထားရှိသည်ဟု ယူဆပါက၊ ကိုယ်ကိုယ်တိုင် ယန္တရားထံသို့ တိုက်ရိုက်ဆက်သွယ်နိုင်ပါသည်။ နစ်နာခံရသူများ၏ ထုတ်ဖော်ပြောကြားချက်များကို လျှို့ဝှက်ထားမည်ဖြစ်ပြီး၊ လုံခြုံသော ဒေတာဘေ့စ် (အချက်အလက်စုဆောင်းရာဘဏ်)တစ်ခုတွင် ထိန်းသိမ်းထားမည်။ နစ်နာခံရသူများက သဘောတူလျှင်၊ အနာဂတ်တွင် ထိုအမှုတွဲများကို အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းနှင့်အညီ တာဝန်ယူလုပ်ဆောင်မည့် နိုင်ငံတွင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာရှိ တရားရုံးများနှင့် ၎င်းတို့၏ ထုတ်ဖော်ပြောကြားချက်များကို မျှဝေသွားမည် ဖြစ်သည်။

**ယန္တရားက စုဆောင်းပြီးသော အချက်အလက်များကို မည်ကဲ့သို့ အသုံးပြုမလဲ။**

ယန္တရားသည် အထောက်အထားများကို ရင်းမြစ်မျိုးစုံမှ စုဆောင်းပါသည်။ ယန္တရားက စုဆောင်းပြီးသော အချက်အလက်များကို လျှို့ဝှက်ထားမည်ဖြစ်ပြီး၊ လုံခြုံသော ဒေတာဘေ့စ် (အချက်အလက်စုဆောင်းရာဘဏ်) တစ်ခုတွင် ထိန်းသိမ်းထားမည်။

FFMက ပေးအပ်ခဲ့သော အချက်အလက်များ အပါအဝင်၊ စုဆောင်းလက်ခံရရှိထားသော အချက်အလက်အားလုံးကို ယန္တရားက ဆိုးရွားသော အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများအတွက် တာဝန်ရှိသော ပုဂ္ဂိုလ်များအား ရာဇဝတ်မှုဆိုင်ရာ တရားစွဲဆိုရန်၊ လိုအပ်သော စံချိန်မီ မမီ၊ ပြန်လည်သုံးသပ်ပြီး ခွဲခြမ်းစိတ်ဖြာသွားမည်။ စံချိန်ပြည့်သည်ဆိုပါက၊ ရာဇဝတ်မှုဆိုင်ရာ အမှုတွဲများကို ပြင်ဆင်သွားမည်ဖြစ်သည်။

ပြစ်မှုများအတွက် လက်ရှိတွင် တရားစီရင်ခွင့်ရှိသော၊ သို့မဟုတ် အနာဂတ်တွင် တရားစီရင်ခွင့်ရှိလာနိုင်သော၊ (ဥပမာအားဖြင့်၊ မည်သည့် ဒေသတွင်မဆို ဖြစ်ပွားခဲ့သည့်အမှုများကို တရားစီရင်ခွင့်ရှိသော) နိုင်ငံတွင်း၊ ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာတရားရုံးများ၊ သို့မဟုတ် ခုံရုံးများနှင့် အထောက်အထားများ၊ အမှုတွဲများကို မျှဝေသွားမည်။ အပြည်ပြည်ဆိုင်ရာဥပဒေ စံချိန်စံညွှန်းများနှင့်အညီ လုပ်ကိုင်သည့် အရည်အချင်းပြည့်မီသော တရားရုံးများ၊ သို့မဟုတ် ခုံရုံးများနှင့်သာ အထောက်အထားများ၊ အမှုတွဲများကို မျှဝေသွားမည်ဖြစ်သည်။ သို့သော်လည်း၊ နစ်နာသူများနှင့် မျက်မြင်သက်သေတို့၏ လုံခြုံရေး၊ စိတ်အေးချမ်းရေးတို့အတွက် သေချာအောင်ဆောင်ရွက်နိုင်ပြီး၊ ၎င်းတို့၏ ကိုယ်ရေးအချက်အလက်များကို လုံခြုံစွာထိန်းသိမ်းထားနိုင်မည်ဟု ယန္တရားက ယုံကြည်စိတ်ချသည့် အဖွဲ့အစည်းများနှင့်သာ အချက်အလက်များကို မျှဝေပေးသွားပါမည်။

**ယန္တရား၏ လုပ်ပိုင်ခွင့်တွင် မည်သည်တို့က အကျုံးဝင်သလဲ။**

ယန္တရားသည် အဆိုးရွားဆုံးသော အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများနှင့် နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေ ချိုးဖောက်မှုများ၏ အထောက်အထားများအား စုဆောင်း၊ ပေါင်းစည်း၊ ထိန်းသိမ်း၍ စိစစ်သုံးသပ်သည်။ ၎င်းလုပ်ပိုင်ခွင့်သည် မြန်မာနိုင်ငံ၏ ပထဝီဒေသတစ်နေရာကိုသာ၊ သို့မဟုတ် အုပ်စုတစ်စုအတွက်သာ မဟုတ်ပေ။ ယန္တရားကို တည်ထောင်ခဲ့သော ဆုံးဖြတ်ချက်တွင် လူ့အခွင့်အရေးကောင်စီက (၂၀၁၁)ခုနှစ်မှစ၍၊ မြန်မာနိုင်ငံရှိ မည်သည့်ဒေသ၌မဆို ကျူးလွန်ခဲ့သော ရာဇဝတ်မှုများနှင့် ချိုးဖောက်မှုများ၏ အထောက်အထားများအား စုဆောင်းရန် လုပ်ပိုင်ခွင့်ပေးထားသည်။ ထို့ကြောင့် ယန္တရားသည် ဆက်လက်ဖြစ်ပွားနေသော ကိစ္စများအပြင်၊ အနာဂတ်တွင် ဖြစ်ပေါ်လာမည့် ကိစ္စရပ်များအတွက်လည်း စုံစမ်းစစ်ဆေးခွင့်ရှိသည်ဟု အဓိပ္ပာယ်ရသည်။ အထောက်အထားများကို စုဆောင်း၊ ထိန်းသိမ်း၊ စိစစ်သုံးသပ်ပြီးသည်နှင့် ၎င်းတို့ကို အနာဂတ်မည်သည့်အချိန်တွင်မဆို၊ တာဝန်ခံမှုအားထုတ်ချက်များအတွက် အသုံးပြုနိုင်သည်။